# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# ပဉ္စမနေ့ အစီအစဉ်

# [ ၁၀- ၇ - ၂၀၁၂ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပဉ္စမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)၏ **ကျေးရွာအုပ်စု တိုက်နယ်ဆေးရုံများသို့ ဓာတ်မှန်ရိုက်စက် ၊ ဓာတ်မှန်ခန်း ၊ မီးစက်တို့အား ကျန်းမာရေးဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)၏ **မိုးညှင်းခရိုင် ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးတွင် တိုးချဲ့ဆောင်အသစ် ထပ်မံတိုးချဲ့ပေးရန် နှင့် လစ်လပ်လျက်ရှိသည့် အထူးကုနှင့် ဆေးဝန်ထမ်းများ ထပ်မံဖြည့်ဆည်းပေးရန်** အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) ၏ **သာစည် မြို့နယ်၊ ညောင်ရမ်းတိုက်နယ် (၁၆)ခုတင်ဆံ့ ဆေးရုံကို အဆင့်မီဆေးရုံတစ်ရုံ ဖြစ်ရေးအတွက် လိုအပ်သောဥပခိရုပ်များ ပြုပြင်ပေးနိုင်မှု၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်မှု ၊ သောက်သုံးရေ အခက်အခဲရှိနေမှု၊ ဓာတ်မှန်ခန်းနှင့် ကိရိယာလိုအပ်နေမှု စသည်များကို ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) ၏ **ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတွင် အရိုး၊ အကြောအထူးကု ဆရာဝန်တစ်ဦး ခန့်ထားပေးရန်** အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ၏ **မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာတွင် (၂၄)နာရီ မီးလင်းရေး ဆောင်ရွက်ပေးရန်နှင့် တောင်သမန်ကျေးရွာ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာမီးလင်းရေးကော်မတီများ လိုက်နာရမည့် သတ်မှတ်ချက်(၂၄)ချက်ကို ပြင်ဆင်ဖြေလျှော့ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ၏ **မြို့ပြဆိုင်ရာ အိမ်ငှားရမ်းမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် နှင့်(၁၉၆၀)ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေကို ရုပ်သိမ်းပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။